"အတော်အသင့်ချမ်းသာကြွယ်ဝဖြစ်စေအောင် ဆင်းရဲနွမ်းပါးမှုလျော့ချရေး"

အယ်ဒီတာ့အာဘော်

ဆင်းရဲနွမ်းပါးခြင်းသည် ယခုလက်ရှိအချိန်က တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင်ချို့တဲ့နေသော အပိုင်းကဏ္ဍဖြစ်သည်။ တရုတ်နိုင်ငံနှင့်အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများတို့ အပြန်အလှန်လေ့လာသင်ယူနိုင်သော ပြည်သူ့ရေးရာလုပ်ငန်းတစ်ရပ်လည်းဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းရပ်တွင် အောင်မြင်မှုရလဒ်များစွာရရှိသောနိုင်ငံဖြစ်သည်။ အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အားပေးမှုစံပြတစ်ခုဖြစ်နေသည်။ တရုတ်နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းများကို တိကျစွာဆောင်ရွက်နိုင်ခြင်းအတွက် ကမ္ဘာ့ဘဏ်မှ "ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် အကောင်းဆုံးသော သိပ္ပံနည်းကျသည့်ဖတ်စာ"ဟု ချီးမွမ်းလျက်ရှိသည်။ ယခုဤကော်လံတွင် တရုတ်နိုင်ငံနှင့် ယူနန်ဆင်းရဲနွမ်းပါးမှုလျော့ချရေး အကြောင်းအရာတချို့ကို အထူးစုစည်းတင်ပြထားပါသည်။ အခြားနိုင်ငံများအနေနှင့် မိမိနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ်တွင် သင်ခန်းစာအမြင်များရရှိနိုင်ရန် မျှော်လင့်ပါသည်။

"အတော်အသင့်ချမ်းသာကြွယ်ဝဖြစ်စေအောင် ဆင်းရဲနွမ်းပါးမှုလျော့ချရေး"

ကျူကူလာရွာတွင် မျိုးစေ့ဖြင့်ဆင်းရဲနွမ်းပါးမှုလျော့ချပြီး ဖန်ခွက်ဖြင့်ချမ်းသာကြွယ်ဝမှုရရှိရေးထုတ်လုပ်မှုကွင်းဆက်

"ငယ်ငယ်တုန်းက ဒီမှာမနေချင်ဘူး၊ အသက်ကြီးလာရင် အပြင်ထွက်မယ်လို့စဉ်းစားနေခဲ့တာ။ အခုကျတော့ မိမိဇာတိမြေမှ မထွက်ခွာနိုင်တော့ဘူး။ ကျွန်တော်ရဲ့ မျော်မှန်းချက်အိပ်မက်က ဇာတိမြေကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။"ဟု (၂၀၁၇)ခုနှစ်အောက်တိုဘာလ(၂၆)ရက်နေ့တွင် ချီရွှင်စိန်သည် အနှစ်(၁၀)ကြာခဲ့ခွာခဲ့သော မိမိ၏ဇာတိမြေတော့လီပိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲပင်လွှမ်ခရိုင်ကျူကူလာရွာသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

ကျူကူလာရွာတွင် နှစ်ပေါင်း(၁၀၀)ကျော်သမိုင်းရှိသော ကော်ဖီတောကြီးရှိပါသည်။ တရုတ်နိုင်ငံကော်ဖီ "အသက်ဝင်နေသော ကျောက်ဖြစ်ရုပ်ကြွင်း" ဟု တင်စားခြင်းခံရသည်။ သို့သော် ယခင်အချိန်တုန်းက ရွာမှပင်လွှမ်ခရိုင်အထိ ကုန်းလမ်းမရှိပေ။ ခြေလျင်ဖြင့်(၅)နာရီကြာသောတောင်လမ်းများကို လျှောက်လှမ်းရသည်။ "ပြင်ပလောကနှင့်အသွားအလာနည်းပါးသော" ရွာသူရွာသားများသည် ကောက်ပဲသီးနှံစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်။ ကော်ဖီစိုက်ပျိုးတတ်သော ရွာသူရွာသားများကမူ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအပေါ် လုံးဝမသိကြပေ။

(၂၀၁၀)ခုနှစ်တွင် ပင်လွှမ်ခရိုင်သည် ကျူကူလာကော်ဖီအမှတ်တံဆိပ်ကို တည်ထောင်ခဲ့သည်။ ပင်လွှန်ကုန်းမြင့်အော်ဂင်းနစ်စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်ကို လုပ်ငန်းထူထောင်ရန်ဖိတ်ကြားခဲ့သည်။ ကျူကူလာကော်ဖီအမှတ်တံဆိပ်တည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို သေချာစွာလုပ်ဆောင်လာကြသည်။ (၇)နှစ်တာအချိန်ကာလအတွင်း ကုမ္ပဏီမှကျူကူလာရွာတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်လုပ်ဆောင်မှုများကို နယ်ခြားသို့သွားရောက်အလုပ်လုပ်ကိုင်သော ကျေးလက်ရွာသူရွာသားလုပ်သားများအားမိမိဇာတိမြေကျေးရွာ၏ ပြောင်းလဲမှုများကို မြင်တွေ့စေသည်။ ကျေးရွာကြီးစိမ်းလန်းစိုပြေလာသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သွားသည်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်။ နယ်ခြားသို့ အလုပ်သွားရောက်လုပ်ကိုင်ကြသောလူငယ်လုပ်သားများသည် ကော်ဖီလုပ်ငန်းများကို ပြန်လည်လာရောက်လုပ်ကိုင်ကြရန် မျှော်မှန်းချက်ကြီးစွာဖြင့်ဇာတိမြေသို့ပြန်လာကြပါတော့သည်။

ယခုလက်ရှိအချိန်တွင် ကျူကူလာကော်ဖီအခြေစိုက်စခန်းသည် အသီးသီးသည့်အချိန်အခါသို့ တဖန်ပြန်လည်ရောက်ရှိလာပါပြီ။ ကျူကူလာကော်ဖီအမှတ်တံဆိပ်ကိုအဓိကထားပြီး ကျူကူလာကျေးရွာတွင် ကော်ဖီစိုက်ပျိုးမှု တရုတ်ဧက(၁၀၀၀)မူအထိ တိုးချဲ့စိုက်ပျိုးလာကြသည်။ တရုတ်ဧကတစ်မူလျှင် ဝင်ငွေတရုတ်ယွမ် (၃၀၀၀)ခန့်ရရှိနိုင်သည်။ ကျေးရွာပြည်သူပြည်သား(၃၀၀၀)ကျော်အတွက် အလုပ်အခွင့်အရေးကို ဖန်တီးပေးနိုင်ခဲ့သည်။

သတင်းထောက် -ဝမ်ရီ

ယူနန်ပြည်နယ်တွင် နေအိမ်ပြောင်းရွှေ့ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးစီမံကိန်းမှာ ပြည်သူပြည်သား(၂.၅၃)သိန်းအား ဆင်းရဲမှုမှကင်းလွှတ်စေခဲ့

ယခုလက်ရှိအချိန်က ယူနန်ပြည်နယ်တွင် ပြည်သူပြည်သား(၂. ၅၃)သိန်းသည် ပြောင်းရွှေ့နေထိုင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုမှ ကင်းလွတ်ခွင့်ရရှိကြောင်း ပြည်နယ်တစ်ခုလုံး နေရာရွှေ့ပြောင်းမှုမှ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၏ အောင်မြင်မှုရလဒ်များ သိသာထင်ရှားလျက်ရှိကြောင်းသိရပါသည်။

ပြောင်းရွှေ့နေထိုင်မှုဖြင့် ဆင်းရဲမှုလျော့ချရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းမှာ ဆင်းရဲနွမ်းပါးသူများကို ယခင်နေထိုင်သောနေရာမှပြောင်းရွှေ့စေခြင်းဖြစ်ရာ အသက်မွေးဝမ်းကျောင်းပြုခြင်းနှင့် နေထိုင်မှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ပိုမိုကောင်းမွန်လာကြောင်း သိသာထင်ရှားစွာပြောင်းလဲလာသည်ကို တွေ့ရပါသည်။ "(၁၃)ကြိမ်မြောက် (၅)နှစ်စီမံကိန်း" အတောအတွင်းယူနန်တစ်ပြည်နယ်လုံးမှ ခရိုင်(၁၂၁)ခုတွင် ဆင်းရဲနွမ်းပါးမှုပြောင်းရွှေ့နေထိုင်ခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့် ကဒ်လုပ်ဆောင်ပေးခြင်းအတွက် လျာထားသည့်ပြည်သူပြည်သား (၆. ၅)သိန်းရှိသည်။

ယခုလက်ရှိအချိန်အထိ အခြေခံအားဖြင့် (၂၀၁၆)ခုနှစ်ကအလုပ်တာဝန်အောင်မြင်စွာပြီးစီးပြီး (၂၀၁၇)ခုနှစ်ပြောင်းရွှေ့မှုတာဝန်ကိုဆောင်ရွက်ရန် အားစိုက်ကြိုးပမ်းလျက်ရှိနေပါသည်။ စီမံပြောင်းရွှေ့နေထိုင်မည့် ဆင်းရဲသား(၂)သိန်းခန့်အတွက် နေအိမ်တည်ဆောက်ရေးကို အားလုံးအကောင်အထည်ဖော်ဆောင်လျက်ရှိနေပါသည်။ ဆောက်လုပ်ပြီးစီးမှုနှုန်းသည်(၆၂. ၁%)ရှိသည်။ အဆောက်အဦးအတွင်းဝင်ရောက်နေထိုင်မှုနှုန်းမှာ (၃၅.၉%)ဖြစ်သည်။ (၂၀၁၈)ခုနှစ်ပြောင်းရွှေ့မှုလုပ်ငန်းများအဆင်ပြေချောမွေ့စွာစတင်ခဲ့သည်။ မှတ်တမ်းတင်သည့် ဆင်းရဲသား(၁. ၅)သိန်းသည် ပြောင်းရွှေ့နေထိုင်ရန်စီမံနေသည်။ ဆင်းရဲသား(၁.၃၅)သိန်းအတွက် ပထမအသုတ်စီမံကိန်းအားဖြင့် ဖော်ဆောင်ပေးနေပြီဖြစ်သည်။ နေထိုင်မှုအဆောက်အဦးတည်ဆောက်မှုစတင်နှုန်းသည် (၆၀. ၂%)ရှိသည်။ မိုးရာသီမတိုင်မီ ဆောက်လုပ်မှုအကောင်းဆုံးအချိန်အတွင်းတည်ဆောက်နိုင်ရန် ဒေသအသီးသီးမှ ကြိုးစားလျက်ရှိသည်။ ပြည်သူပြည်သားများအားပြောင်းရွှေ့နေထိုင်စေနိုင်ရန် တည်ဆောက်ရေးအရှိန်မြှင့်တင်လျက်ရှိနေပါသည်။

သတင်းထောက် လီကျီဟုန်

(၅)အကြိမ်မြောက်တရုတ်တောင်အာရှကုန်စည်ပြပွဲအတွက် စေတနာ့ဝန်ထမ်းများခေါ်ယူခြင်းစတင်လျက်ရှိသည်

လတ်တလောရက်ပိုင်းအချိန်တွင် (၅)ကြိမ်မြောက် တရုတ်တောင်အာရှကုန်စည်ပြပွဲနှင့်(၂၅)ကြိမ်မြောက်ကူမင်းသွင်းကုန်ပို့ကုန် ကုန်စည်ပြပွဲ၏ စေတနာ့ဝန်ထမ်းများခေါ်ယူခြင်းလုပ်ငန်းကို ကူမင်းမြို့တွင်စတင်ခဲ့သည်။ လုပ်အားပေးလုပ်ငန်းများအတွက် စေတနာ့ဝန်ထမ်း၃၅ရေး(၁၅၀၀)ကျော်ကိုခေါ်ယူသွားမည်ဖြစ်သည်။

တောင်အာရှကုန်စည်ပြပွဲ အလုပ်အမှုဆောင်ကော်မတီ စေတနာ့ဝန်ထမ်းလုပ်ငန်းဌာနမှ တောင်အာရှကုန်စည်ပြပွဲလုပ်အားပေးဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ စေတနာ့ဝန်ထမ်းများ ခေါ်ဆောင်ခြင်းအဖွဲ့၊ ကြော်ငြာလက်ကမ်းစာစောင်များဖြန့်ဝေခြင်းအဖွဲ့၊ logistic အာမခံလုပ်ဆောင်ခြင်းအဖွဲ့နှင့် မြို့ပြလုပ်အားပေးဝန်ဆောင်မှုအလုပ်အဖွဲ့(၄)ဖွဲ့ ဖွဲ့စည်းသွားမည်။ စေတနာ့ဝန်ထမ်းအမှုဆောင်ဌာနမှ ယူနန်ပြည်နယ်တက္ကသိုလ်ကောလိပ်အသီးသီးမှ စိတ်အားထက်သန်သော၊ စွမ်းဆောင်ရည်ရှိသောစေတနာ့ဝန်ထမ်း(၁၅၀၀)ဦးကို ရွေးချယ်သွားမည်ဖြစ်ပြီး အဆိုပါစေတနာ့ဝန်ထမ်းများသည် ပြခန်းအသီးသီးတွင် ဝန်ဆောင်ပေးရမည်ဖြစ်သည်။ ဘာသာစကားဘာသာပြန်ပေးခြင်း၊ ဧည့်ခံပေးခြင်း၊ အစည်းအဝေးနှင့်သက်ဆိုင်သော လုပ်ငန်းများကူညီဆောင်ရွက်ပေးခြင်း၊ လက်မှတ်စစ်ပေးခြင်း၊ ပြခန်းမှတ်တမ်းတင်ပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကဆောင်ရွက်ပေးရမည်။ ထို့အတူ စေတနာ့ဝန်ထမ်းလုပ်ငန်းဌာနသည် ကူမင်းမြို့၏အဓိကမြို့နယ်(၅)ခုတွင် မြို့ပြစေတနာ့ဝန်ထမ်း(၁)သောင်းကို ခေါ်ဆောင်မည်ဖြစ်ပြီး "အရေးပါသောစေတနာ့ဝန်ထမ်းဦးရေတစ်ရာ၊ ပြခန်းစေတနာ့ဝန်ထမ်းဦးရေတစ်ထောင်၊ မြို့ပြစေတနာ့ဝန်ထမ်းဦးရေတစ်သောင်း" ဟူသောအဖွဲ့ကို တည်ထောင်သွားမည်ဖြစ်သည်။

တရုတ်တောင်အာရှပြပွဲကြောင့်နိုင်ငံအသီးသီးမှ မိဒီယာအလုပ်သမားများ ပိုမိုရင်းနှီးလာသည်

ယခုနှစ်တွင် (၅)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲသည် ဇွန်လ(၁၄)ရက်နေ့တွင် ကူမင်းမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။ တောင်အာရှကုန်စည်ပြပွဲနှင့် ကူမင်းသွင်းကုန်ပို့ကုန် ကုန်စည်ပြပွဲ ရောက်ရှိလာသည်နှင့်အမျှ သတင်းထောက်သည် တောင်အာရှကုန်စည်ပြပွဲသို့ နှစ်ကြိမ်သက်ရောက်ဖူးသော ကမ္ဘောဒီးယားပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးအကြံပေးပုဂ္ဂိုလ်နှင့် ပြန်ကြားရေးဌာနသတင်းနှင့် ရုပ်မြင်သံကြားရုံးချုပ်ဒုတိယဌာနမှူးချင်လယ်ကို အင်တာဗျူးပြုလုပ်ခဲ့ပါသည်။

"ကူမင်းတွင်တရုတ်-တောင်အာရှကုန်စည်ပြပွဲကို အကြိမ်ကြိမ်ကျင်းပသည့်အတွက်ကြောင့် တရုတ်နိုင်ငံနှင့်တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံအသီးသီး၏ စီးပွားကူးသန်းရောင်းဝယ်ရေးကို ဖြစ်ထွန်းစေသည်သာမက နိုင်ငံအသီးသီး၏ သတင်းထောက်မီဒီယာသမားများအကြား အပြန်အလှန်ဖလှယ်ခြင်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို လည်းပိုမိုခိုင်မာသွားစေသည်။" တောင်အာရှကုန်စည်ပြပွဲသို့နှစ်ကြိမ်တက်ရောက်ခဲ့ပြီး ချင်လယ်သည်တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှ၊ အာရှနိုင်ငံအသီးသီးမှ သတင်းထောက် မီဒီယာသမားများနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပါသည်။ "တောင်အာရှကုန်စည်ပြပွဲသည်ကျွန်တော်၏နိုင်ငံတကာမိတ်ဆွေသူငယ်ချင်း အသိုင်းအဝိုင်းကို ပိုမိုတွင်ကျယ်သွားစေသည်။"

(၂၀၁၄)ခုနှစ်တွင် ချင်လယ်သည် ကမ္ဘောဒီးယားသတင်းဆရာများအဖွဲ့နှင့် ယူနန်ပြည်နယ် တောင်အာရှကုန်စည်ပြပွဲသို့တက်ရောက်ရန် ပထမဆုံးအကြိမ်ရောက်ရှိခဲ့ပါသည်။ "ပြပွဲအတွင်းကမ္ဘောဒီးယားနိုင်ငံမှဆန်၊ ငရုတ်ခေါင်း၊ Cassava powder၊ ကျောက်မျက်ရတနာနှင့် လက်မှုအနုပညာပစ္စည်းစသည့် အထူးထွက်ကုန်အပြင် ယဉ်ကျေးမှုလုပ်ငန်းမိတ်ဆက်ပွဲနှင့် ရင်းနှီးမြှုပ်နှံလုပ်ငန်းရှင်များဖိတ်ခေါ်ခြင်း စသည်တို့ရှိခဲ့သည်ကို ကျွန်တော်မှတ်မိနေပါသေးသည်။" ဟု ချင်လယ်ကပြောကြားသည်။ ပြခန်းသည် ကမ္ဘောဒီးယားသတင်းထောက်အဖွဲ့အား ရင်းနှီးမှုများရရှိစေသည်။ စိတ်ဝင်စားမှုများဖြစ်စေသည်။

"သတင်းဌာနမှန့်စဉ်နှစ်တိုင်းတောင်အာရှကုန်စည်ပြပွဲ၏ ဖိတ်ခေါ်စာကို လက်ခံရရှိတတ်သည်။ ကျွန်တော်တို့က သတင်းထောက်များကိုယ်စားလှယ်များအဖွဲ့ဖွဲ့စည်းကာ ကုန်စည်ပြပွဲသို့အမြဲတက်ရောက်ခဲ့ပါသည်။ သတင်းအချက်အလက်မျိုးစုံနှင့် အံ့အားသင့်စေသောအရာများကို ထုတ်ဖော်ရရှိတတ်သည်။" တောင်အာရှကုန်စည်ပြပွဲကြီးလည်း ပိုမိုကောင်းမွန်စွာကျင်းပနိုင်ပါစေဟု ချင်လယ်ကမျှော်လင့်ပါသည်။ ယူနန်ကိုလူအများသိရှိစေခြင်း၊ လုပ်ရှားမှုစုံလင်သောတောင်အာရှကုန်စည်ပြပွဲအကြောင်းကိုပိုမိုသိရှိလာစေရန်လည်း မျှော်လင့်လျက်ရှိနေပါသည်။

သတင်းထောက် ချိန်ရမ်